# ရေကူးဝတ်စုံဖြင့် Best Bikini Body ရွေးချယ်မှုတွင် မိုးစက်ဝိုင် ပါဝင်

သတင်းရင်းမြစ် > ပန်းမြတ်ဇော်
သောကြာနေ့၊ အောက်တိုဘာလ ၂၅ ရက် ၂၀၁၃ ခုနှစ် ၁၁ နာရီ ၀၂ မိနစ်

ရုရှားနိုင်ငံမော်စကိုမြို့တွင် ကျင်းပမည့် Miss Universe ပြိုင်ပွဲ၏ အစီအစဉ်ဖြစ်သော Best Bikini Body ရွေးချယ်မှု တွင် မြန်မာကိုယ်စားပြု အလှမယ်ဖြစ်သည့် မိုးစက်ဝိုင်ကိုလည်း ရွေးချယ်ခဲ့သည်။

ယင်းပြိုင်ပွဲသည် Miss Universe ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၈၉ နိုင်ငံမှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရုရှားနိုင်ငံ၊ မော်စကိုမြို့ရှိ The Crowne Plaza Moscow World Trade Centre hotel တွင် အောက်တိုဘာလ ၂၂ ရက်က ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အလှမယ်များကရေကူးဝတ်စုံများဖြင့် ကိုယ်ဟန်ပြခဲ့ရာ မိုးစက်ဝိုင်နှင့် အတူ ဖိလစ်ပိုင်နှင့် အမေရိကန်နိုင်ငံတို့မှ အလှမယ်များလည်း ရွေးချယ်ခြင်းခံခဲ့ရသည်။

Miss Universe Myanmar ဝက်ဘ်ဆိုဒ်တွင် ယင်းသို့ရွေးချယ်ခြင်း ခံရမှုနှင့် ပတ်သက်ပြီး မိုးစက်ဝိုင်သည် Real Fitness Trainers နှင့် စနစ်တကျလေ့ကျင့်သင်ကြားခဲ့ပြီး အချိုးကျသည့် ခန္ဓာကိုယ်ဖြစ်စေရန် အရေးပါသော အစိတ်အပိုင်းတို့အတွက် ထိုင်းနိုင်ငံတွင်ထပ်မံလေ့ကျင့် ခဲ့ကြောင်း ဖော်ပြထားသည်။

မိုးစက်ဝိုင်သည်လက်ရှိတွင် Miss Universe 2013 ပြိုင်ပွဲတွင် ပရိသတ်မှရွေးချယ်ပေးနိုင်သည့်ဆုသုံးဆုတွင် ဦးဆောင်လျက်ရှိသည်။ ၆၂ ကြိမ်မြောက် ကျင်းပမည့် Miss Universe 2013 ပြိုင်ပွဲကို ရုရှနိုင်ငံ၊ မော်စကိုမြို့ရှိ□ lCrocus City Hall တွင် နိုဝင်ဘာလ ၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာလ ၆ ရက်တွင် ပြိုင်ပွဲဝင်များနှင့် စာနယ်ဇင်းတွေ့ဆုံပွဲကို ကျင်းပမည်ဖြစ်သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));

Post
by
Mizzima - News in Burmese
.